အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၂၂

၁၉ နိုဝင်ဘာ ၂၀၂၂

# "၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေနှင့် ပတ်သက်သည့် အတိတ်နှင့် အနာဂတ် ခြုံငုံလေ့လာ သုံးသပ်ချက် စာတမ်း" ကို CRPH ထံ တင်ပြ

နိုဝင်ဘာ ၁၃

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၊ ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် Video Conference ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းလည်း တက်ရောက်၍ ၁၉၈၂ ခုနှစ်၊ နိုင်ငံသား ဥပဒေနှင့်ပတ်သက်သည့် လေ့လာသုံးသပ်မှုစာတမ်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "အမျိုးသား ညီညွတ်ရေး အစိုးရ၏ မူဝါဒများနှင့် အစီအစဥ်များ အားလုံးသည် လူ့အခွင့်အရေး စံချိန် စံညွှန်းများကို ထည့်သွင်းစဉ်းစားပြီး ကိုက်ညီစေခြင်း" နှင့် "လူ့အခွင့်အရေးနှင့် ကိုက်ညီမှုမရှိသော တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း"တို့သည် ဝန်ကြီးဌာန၏ အဓိက လုပ်ငန်းစဉ်များဖြစ်သောကြောင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် ပတ်သက်သည့် အတိတ်နှင့် အနာဂတ် ခြုံငုံလေ့လာသုံးသပ်မှု ပြုလုပ်ခဲ့ကြောင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ ၎င်းဥပဒေနှင့် လက်ရှိ အခြေအနေတို့အား နိုင်ငံတကာ စံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ချက်များ၊ နိုင်ငံသားဖြစ်ခွင့် နည်းလမ်းများ၊ နိုင်ငံသားဖြစ်မှုနှင့် တရားဥပဒေစိုးမိုးမှု၊ ဖက်ဒရယ်မြန်မာနိုင်ငံတော် တည်ဆောက်ရာတွင်ပြဋ္ဌာန်းရမည့် ဖက်ဒရယ်နိုင်ငံသားဖြစ်ခွင့် ဥပဒေကြမ်းအသစ်နှင့် ပတ်သက်သည့် အခြေခံ သဘောတရားများ၊ ရှေ့ဆက်သွားမည့် လမ်းစဉ်များ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ တက်ရောက်လာသည့် အဖွဲ့ဝင်များမှလည်း အကြံပြုချက်များ မျှဝေခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရာတွင် ပူးပေါင်း လုပ်ဆောင်နိုင်မည့် ကဏ္ဍများအား ဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၊ အမြဲတမ်း အတွင်းဝန်တို့ တက်ရောက်ခဲ့ကြပါသည်။

**၂၀၂၂ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ထီးလင်းမြို့နယ်အတွင်း ကျေးရွာများအားစစ်ကြောင်းထိုး တိုက်ခိုက်မီးရှို့ဖျက်ဆီးခံရမှု၊ ပြည်သူပိုင်ပစ္စည်းများလုယက်ယူငင်မှု၊ ဥပဒေမဲ့သတ်ဖြတ်မှု၊ ဖမ်းဆီးခံရမှု အခြေအနေများကို ထီးလင်းမြို့နယ် ပညာရေးဘုတ်အဖွဲ့ဝင်တစ်ဦးအားမေးမြန်းခြင်း။**

စာ ၄ သို့




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## အောက်တိုဘာလ ၃၁ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှု အခြေအနေ



# မြန်မာ့အကျပ်အတည်း ဖြေရှင်းရေး အာဆီယံသံတမန်ရေး ပြောင်းလဲရန် အချက် ၅ ချက် တောင်းဆို







မြန်မာ့အကျပ်အတည်း ဖြေရှင်းရေး၌ ရပ်တန့်နေသည့် အာဆီယံသံတမန်ရေး ကိစ္စရပ်များအား အခြေခံကျကျ ပြောင်းလဲရန်နှင့် ဖြေရှင်းရေးသို့ ဦးတည်နိုင်မည့် အချက်ငါးချက်အား အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက အာဆီယံ အရပ်ဘက် အဖွဲ့အစည်းများ ညီလာခံ၌ တောင်းဆိုထားသည်။

နိုဝင်ဘာ ၄ ရက်က ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ပြုလုပ်သည့် အရပ်ဘက်အဖွဲ့အစည်းများ ညီလာခံ/အာဆီယံ လူထုတွေ့ဆုံပွဲ၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး၌ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ဆွေးနွေးတင်ပြမှုအား "Civic Space, Democracy and HR in the context of Militarism and Authoritarianism; Responses from the government, ASEAN Bodies and stakeholders" ခေါင်းစဉ် ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး ဝန်ကြီးကိုယ်တိုင် ဦးဆောင်ဆွေးနွေးသူအဖြစ် အွန်လိုင်းမှ တဆင့် ပါဝင်ဆွေးနွေးခဲ့ခြင်းလည်း ဖြစ်သည်။ တောင်းဆိုချက် ငါးရပ်မှာ အမျိုးသားညီညွတ်ရေး အစိုးရ–NUG အား မြန်မာပြည်သူလူထုအား အမှန်တကယ် ကိုယ်စားပြုသည့် တရားဝင် ရွေးကောက် တင်မြှောက်ထားသော အစိုးရအဖြစ် အသိအမှတ်ပြုရန်နှင့် တရားမဝင် စစ်အာဏာရှင်တို့အား သံတမန်ရေးရာအဆင့်အတန်း ပေးအပ်ခြင်း မပြုရန်၊ အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်အား ကျော်လွန်၍ သံတမန် ဆက်ဆံရေး စာမျက်နှာသစ်စတင်ရန်နှင့် ဤအကျပ်အတည်းအတွင်း စစ်အာဏာရှင်၏ ညှင်းပန်းနှိပ်စက်မှုများအား ခံစားရကာ လျစ်လျူရှုခြင်းခံနေရသည့် မတူကွဲပြားသော မြန်မာနိုင်ငံ သားများအား ဖိတ်ခေါ်၍ ဆွေးပွဲအသစ်တစ်ရပ် ပြုလုပ်ပေးရန်တို့ ပါဝင်သည်။

ထို့ပြင် တရုတ်၊ အမေရိကန်၊ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံများအပါအဝင် NUG ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာန၊ တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့များ ပူးပေါင်းအဖွဲ့များ စုပေါင်း၍ လျင်မြန်ပြီး သင့်လျော်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများဆောင်ရွက်ရန်၊ စစ်အာဏာရှင်တို့ ကြေညာထားသည့် ရွေးကောက်ပွဲအား မတရားမဝင်ကြောင်း အာဆီယံအနေဖြင့် ကြေညာ၍ လူသိရှင်ကြား ပယ်ချရန်၊ မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖော်ဆောင်မည့်လုပ်ငန်းစဉ်များအား မြှင့်တင်ရန်တို့ဖြစ်သည်။

**"တန်ဆောင်မုန်းလပြည့်နေ့တွင် မြန်မာပြည်သူပြည်သားအပေါင်း ဘေးရန်ကင်းရှင်းစွာဖြင့် သီလဆောက်တည်နိုင်ကြပါစေ။ မတရားမှုအစုံစုံကို တွန်းလှန်နိုင်သော ခွန်အားများ ပြည့်ဝနိုင်ကြပါစေ"**

***တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့အထိမ်းအမှတ် ပြည်ထောင်စုဝန်ကြီး၏ ဆုတောင်းစကား***

# ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး အရပ်ဘက်အဖွဲ့များ အခန်းကဏ္ဍ ဆွေးနွေးပွဲ ဒုဝန်ကြီး ပါဝင်တက်ရောက်

နိုဝင်ဘာ ၃




အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရာ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်နိုင်မည့် နည်းလမ်းများ၊ စိန်ခေါ်မှုများနှင့် ဆက်စပ်သည့် အွန်လိုင်းအခြေပြု ဆွေးနွေးပွဲအား အမျိုးသားညီညွတ်ရေးအစိုးရ - NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခွန်းဗဟန်းထန် ပါဝင် ဆွေးနွေးခဲ့သည်။

"Protecting Civic Society and Ethnic Minorities in a Federal Democratic Myanmar – Challenges and Opportunities" ခေါင်းစဉ်ဖြင့် အာဆီယံအရပ်ဘက် အဖွဲ့အစည်းများ ညီလာခံ/အာဆီယံလူထုတွေ့ဆုံပွဲ အစိတ်အပိုင်းအဖြစ် နိုဝင်ဘာ ၃ ရက်က ပြုလုပ်သည့် အွန်လိုင်းအခြေပြု ဆွေးနွေးပွဲဖြစ်သည်။ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်ခင်မမမျိုးလည်း တက် ရောက်ဆွေးနွေးခဲ့ပြီး ဦးသက်ဆွေဝင်း (Synergy)၊ ဒေါ်ခင်ဥမ္မာ (Progressive Voice) နှင့် Debbie Stothard (ALTSEAN-Burma) တို့လည်း ပါဝင်ခဲ့ကြပါသည်။ ဆွေးနွေးပွဲမှာ အာဆီယံ လူထုတွေ့ဆုံပွဲ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကာ ဖက်ဒရယ် ဒီမိုကရက်တစ်မြန်မာနိုင်ငံတော် တည်ထောင်ရာ၌ တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကိုစွာအား အဓိကထား ဆွေးနွေးသွားခဲ့ကြပါသည်။

စာ ၁ မှ အဆက်

# "အရှင်လတ်လတ် မီးရှို့ခံရတာဗျ"

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်၊ အနောက်ဘက်ရွာအား အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ ခြေလျင်တပ်ရင်း (ခလရ) ၅၀ မှ လက်နက်ကိုင်တပ်ဖွဲ့များက အောက်တိုဘာလ ၁၂ ရက်က မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် စစ်ရှောင်စခန်းမှ လူငယ် ၁၂ ဦးအား ဖမ်းဆီးသွားပြီးနောက် ခြောက်ဦး ပျောက်ဆုံးလျက်ရှိရာ ပျောက်ဆုံးသူခြောက်ဦးအနက် လေးဦးအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်လိုက်ကြောင်း ပြန်လည် လွတ်မြောက်လာသူထံမှ သိရသည်။

မီးရှို့သတ်ဖြတ်ခံရသူ လေးဦးအနက် နှစ်ဦးမှာ ညီအစ်ကို တော်စပ်သူဖြစ်ကာ ညီဖြစ်သူမှာ အသက် ၁၄ နှစ်သာရှိသေးသည်။ အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များက ၎င်းတို့အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF များနှင့် ဆက်စပ်သည်ဟု ဆိုကာ အောက်တိုဘာလ ၁၃ ရက်တွင် အရှင်လတ်လတ် မီးရှို့ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

"မီးရှို့တဲ့အချိန်မှာ စစ်ဘေးရှောင်စခန်းက ယောက်ျားလေးတွေကို ဖမ်းတယ်။ ၁၂ ယောက်လောက်က ဖမ်းတယ်။ ဒါပေမယ့် ၆ ယောက် ပျောက်ဆုံးသွားတယ်။ ၆ ယောက် ကတော့ ပြန်လွတ်တယ်ဗျ။ ပြန်လွတ်တဲ့ထဲမှာ နာမည်တော့ မမှတ်မိဘူးဗျ။ သူ့ရှေ့မှာပဲ ကလေးတွေ ၄ ယောက်ပေါ့နော်။ အဲဒီ ၁၄ နှစ်အရွယ် တစ်ယောက်ပါတယ်။ သူ့မှာ သူ့အကိုရှိတယ်ဗျ။ ၂၈ နှစ်အရွယ်ပေါ့။ အဲဒီညီအကို နှစ်ယောက်လုံးကို လက်ပြန်ကြိုးတုပ်ပြီးတော့ ကုတင်မှာ ချည်ပြီးတော့ မီးရှို့တယ်။ အရှင်လတ်လတ် မီးရှို့ပြီး သတ်ပစ်တယ်။ လေးယောက် မီးရှို့တယ်



ထီးလင်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအား ခလရ-၅၀ တပ်မှ မီးရှို့ဖျက်ဆီးခဲ့စဉ်

နှစ်နေရာပေါ့။ အိမ်တစ်အိမ်မှာ နှစ်ယောက်စီထားပြီးတော့ မီးရှို့

တယ်။ အဲဒီမှာ လေးယောက်သေတယ်၊ အသတ်ခံရတယ်ပေါ့နော်။ ၁၄ နှစ်က သူတစ်ယောက်တည်းဗျ။ ကျန်တဲ့သူတွေက အသက် ၂၈နှစ်၊ ၃၀ နဲ့ ၃၃ နှစ်တို့ဗျ။ အရွယ်ကောင်းတွေပေါ့နော်။ အဲဒီကလေးတွေ ဆိုရင် PDF ထဲလည်းမပါဘူး။ YDF ထဲလည်း မပါဘူး။ သူတို့ ဘာသာ သူတို့ မိသားစုနဲ့နေပြီး စစ်ရှောင်တဲ့အချိန်မှာ အဖမ်းခံရတာဗျ။ ခလရ ၅၀ စစ်ကြောင်းကပဲ အကုန်လုံးလုပ်သွားတာဗျ”-

**ထီးလင်းမြို့နယ် ပညာရေးဘုတ်အဖွဲ့ဝင်တစ်ဦး**

## လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဩစတေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့တွင် ကျင်းပသော ရန်ပုံငွေပွဲများတွင် ပါဝင်ခဲ့

နိုဝင်ဘာ ၁၂

“Humanitarian Fundraising For Communities of Burma” ရန်ပုံငွေပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဩစတေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့၌ Wyndham Community and Education Centre၊ Eco Lite နှင့် AMDM and Communities of Burma တို့က ကြီးမှူး၍ ကျင်းပခဲ့ရာ အမျိုးသား ညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က တက်ရောက်၍ ကျေးဇူးတင်အမှာစကား ပြောကြားခဲ့ပါသည်။






နိုဝင်ဘာ ၅

ကရင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် လိုအပ်သော စားနပ်ရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့ရန် ရည်ရွယ်၍ “Humanitarian AID For BURMA” ခေါင်းစဉ်ဖြင့် အသက် ၃၀ အထက် ဘောလုံးပြိုင်ပွဲနှင့် ခြင်းလုံးပြိုင်ပွဲတို့ ပါဝင်သည့် ရန်ပုံငွေပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ဩစတေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အမျိုးသား ညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က “Karenni-Tarneit” အသင်းမှ ဝင်ရောက် ကစား၍ ရန်ပုံငွေပွဲအတွက် ပါဝင်အားဖြည့်ခဲ့ပါသည်။

## အကြမ်းဖက်စစ်ကောင်စီ၏ အသင်းအဖွဲ့ဥပဒေအသစ်နှင့်ပါတ်သက်၍ ဝန်ကြီးဌာန၏ တုံ့ပြန်ချက်

နိုဝင်ဘာ ၁၄

"အခုပြဌာန်းတဲ့ အသင်းအဖွဲ့ မှတ်ပုံတင်ဥပဒေကတော့ ဘာကိစ္စလုပ်လုပ် လုပ်ဆောင်မယ့်အဖွဲ့အစည်းအားလုံးကို တင်းကြပ် ထိန်းချုပ်ပြီး၊ အပြစ်ပေးဖို့ ရည်ရွယ်တာပါပဲ။ အသင်းအဖွဲ့တွေ လွတ်လွတ်လပ်လပ် လုပ်နိုင်ဖို့ အဲဒီလိုမျိုး မဟုတ်ဘဲ

အသင်းအဖွဲ့တွေရဲ့ လုပ်ရပ်ကို ထိန်းချုပ်မယ်၊ တချိန်တည်းမှာပဲ ဒီမိုကရေစီရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတဲ့အဖွဲ့တွေ၊ လူသားချင်း စာနာမှု အကူအညီ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေကို ရာဇဝတ်မှုတပ်ပြီး အရေးယူနိုင်ဖို့အတွက် တမင်သက်သက် ပြဋ္ဌာန်းလိုက်တဲ့ မတရား ကြေညာချက်ပဲ ဖြစ်ပါတယ်။ ဥပဒေ လို့တောင် ပြောလို့ မရပါဘူး။ ဥပဒေဆိုတာ ပြည်သူကို အကာအကွယ်ပေးတာ ဖြစ်ရမယ့်အစား ပိုဖိနှိပ်ဖို့ ဖြစ်နေပါတယ်။ ပထမဦးဆုံးကတော့ လုပ်ဆောင်တဲ့ အဖွဲ့အစည်းတွေမှာ ပါဝင်သူတွေက တင်းကြပ်လှတဲ့ စောင့်ကြည့်မှုတွေ၊ အကြောင်းအမျိုးမျိုးပြပြီး အရေးယူမှုတွေ ဖြစ်လာနိုင်တယ်။ တချိန်တည်းမှာပဲ လူသားချင်းစာနာမှု အကူအညီတွေ လုပ်ဆောင်မယ့် အဖွဲ့အစည်းတွေကို ကန့်သတ်ပြီးတော့ သူတို့နဲ့ ပူးပေါင်း၊ သူတို့အတွက် အန္တရာယ် မရှိစေတဲ့ လုပ်ငန်းတွေပဲ လုပ်ဆောင်ဖို့အတွက် တိတိကျကျ လုပ်ဆောင်လိုက်တာပါပဲ။ ဘယ်လိုမှ ဒီလိုအမိန့်မျိုးအောက်မှာ လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ လိုအပ်တဲ့ ပြည်သူတွေလည်း အကူအညီတွေရနိုင်မှာ မဟုတ်ပါဘူး" –

*ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး*
*လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၃၈,၅၆၈ +

အာဏာသိမ်း အကြမ်းဖက်စစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးချိန်မှ နိုင်ငံအနှံ့ မီးရှို့ဖျက်ဆီးမှုများအား ဆက်တိုက်ပြုလုပ်ခဲ့ရာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ မြို့နယ်ပေါင်း ၈၁ မှ နေအိမ်နှင့် အဆောက်အအုံပေါင်း ၃၈,၅၆၈ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အဆောက်အအုံများ၌ ဘာသာရေးအဆောက်အအုံများလည်း ပါဝင်သည်။ မီးရှို့ခံရမှုများအနက် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်နှင့် မကွေးတိုင်း၊ မြိုင်မြို့နယ်တို့မှာ ဖျက်ဆီးခံရမှု အများဆုံးဒေသများဖြစ်ကာ ယင်းဒေသများအတွင်း နေအိမ်နှင့် အဆောက်အအုံ ၆,၅၉၉ လုံးထက်မနည်း မီးလောင်ပြာကျ ပျက်စီးခဲ့သည်။ နိုင်ငံတစ်ဝန်း မီးရှို့ဖျက်ဆီးခံခဲ့ရမှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းနီးပါးမှာ စစ်ကိုင်းတိုင်းတစ်ခုတည်း၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

## အောက်တိုဘာ ၁၅၁၀ +

နိုင်ငံတစ်ဝန်း နေအိမ်နှင့် အဆောက်အအုံများအား အကြမ်းဖက် စစ်ကောင်စီလက်အောက်ခံ တပ်များက မီးရှို့ဖျက်ဆီးမှုများအား ဆက်တိုက်ပြုလုပ်လျက်ရှိရာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ ၁,၅၁၀ လုံးထက် မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတစ်ခုတည်း၌ ၁,၁၂၄ လုံးနှင့် မကွေးတိုင်း၌ ၃၇၁ လုံးထက်မနည်း ပြည်သူပိုင် နေအိမ်နှင့် အဆောက်အအုံများ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

## (၂၀၂၂) ၉၄ %

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုအပြီး ယခုနှစ် အောက်တိုဘာ လကုန်အထိ နိုင်ငံတစ်ဝန်း ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခနှင့် တိုက်ပွဲဖြစ်စဉ်များအတွင်း နေအိမ်နှင့် အဆောက်အအုံ (ဘာသာရေးအဆောက်အအုံများ အပါအဝင်) ၃၈,၅၀၀ ကျော် မီးလောင်ဖျက်စီးခံခဲ့ရရာ မီးရှို့ဖျက်ဆီးမှုများမှာ ၂၀၂၂ ခုနှစ်တွင်း အများဆုံးဖြစ်ကာ စုစုပေါင်းပမာဏ၏ ၉၄ ရာခိုင်နှုန်းကျော်အထိ ရှိသည်။

## ၉၆ = ၁၆ သိန်းခွဲ

စစ်တပ်က နိုင်ငံတော်အာဏာအား အကြမ်းဖက် သိမ်းယူမှု နောက်ပိုင်း နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလျက် ရှိရာ မြို့နယ်ပေါင်း ၉၆ ခုမှ ပြည်တွင်းစစ်ပြေးဒုက္ခသည်ပေါင်း ၁,၆၅၀,၆၁၁ (၁၆ သိန်းခွဲကျော်) ရှိလာခဲ့သည်။ ယင်းအနက် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်တစ်ခုတည်း၌ စစ်ပြေးဒုက္ခသည် ၁၂၆,၀၀၀ ဦးထက်မနည်း အများဆုံး ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်လာကာ စစ်ပြေး ဒုက္ခသည် ၁,၀၉၂,၉၈၆ ဦးထက်မနည်း ပိုတိုးလာခြင်း ဖြစ်သည်။

## ၇၈၆ +

အာဏာသိမ်းစစ်တပ်က စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု များ၌ ပါဝင်သည်ဟုအကြောင်းပြကာ နေအိမ်နှင့် အဆောက် အဦများအား အတင်းအဓမ္မ ချိတ်ပိတ်သိမ်းဆည်းမှု လုပ်ဆောင် ခဲ့ရာ အာဏာသိမ်းပြီးချိန်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက် အထိ ၇၈၆ လုံးထက်မနည်း သိမ်းဆည်းခံထားရသည်။

## ၂၄၆၃ +

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ လအထိ စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဒီမိုကရေစီ လှုပ်ရှားမှုများနှင့် ပြည်သူ့ နွေဦးတော်လှန်ရေးအတွင်း ကျဆုံးခဲ့ သူပေါင်း ၂၄၆၃ ထက်မနည်း ရှိလာပြီ ဖြစ်သည်။

## ၁၂,၉၇၄ +

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာသိမ်းအပြီး နှစ်နှစ်နီးပါးအကြာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ အကြမ်း ဖက်စစ်ကောင်စီ၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသူ ၁၂,၉၇၄ ဦး ထက် မနည်းရှိနေပြီဖြစ်သည်။ ၎င်းအနက် ၁,၆၄၅ ဦးမှာ မတရား ထောင်ဒဏ်များ ချမှတ်ခြင်း ခံခဲ့ရသည်။ ဖမ်းဆီးခံ ခဲ့ရသူများ အနက် ပြန်လည်လွတ်မြောက်လာသူ ၃,၁၉၅ ဦးအထိ ရှိကာ ၂၂ ဦးမှာ အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခြင်း ဖြစ်သည်။

## ၁၂၈ + သေဒဏ်

စစ်အာဏာရှင်စနစ် ဆန့်ကျင်မှု နွေဦးတော်လှန်ရေးနှင့် ဆက် စပ်ကာ အကြမ်းဖက်စစ်တပ်က သေဒဏ်ချမှတ်ထားသူ ၁၂၈ ဦး ရှိပြီ ဖြစ်သည်။ ယင်းအရေအတွက် ၁၂၁ ဦးမှာ မျက်ကွယ် သေ ဒဏ် ချမှတ်ခံခဲ့ရသူများ ဖြစ်ကာ ၈၆ ဦးမှာ လက်ရှိတွင် နိုင်ငံ အနှံ့ရှိ အကျဉ်းထောင်များ၌ ထိန်းသိမ်းခံထားရဆဲဖြစ်သည်။
**ကိုးကား - AAPP, ISP Data Matt**

